

ရွှေသစ္စာ စာပေ
အနီး အဝေး
မေကျော့ရှင်း

# စာရေးသူ၏ အမှာ စကား

လောကလူသား အများ စုအတွက် နီးလိုပါလျက်နှင့် ဝေးကြရသူများ ရှိကြသလို ဝေးမလိုလိုနှင့် နီးကြရသူများ လည်း ဒုနဲ့ ဒေးဆိုတာ လူတိုင်း သိရှိခံစားဖူးကြမှာ အမှန်ပါ။ အချို့သော မိသားစုအတွင်းမှာ ပင်လျှင် နေ့စဉ်နှင့်အမျှ မြင်တွေ့နေကြရပါသော်လည်း တစ်ခါတစ်ရံ အမြင်ချင်းမတူ၊ အသိချင်းမမျှလေတော့ စိတ်ချင်းက ဝေးနေကြသည် မဟုတ်ပါလား။ ထိုအခါ တစ်နေ့တာလုံး မြင်နေ တွေ့နေကြပါလျက် တစ်ယောက်နှင့်တစ်ယောက် စကားတစ်ခွန်းပင် မပြောဖြစ်ကြသည် ကိုလည်း တွေ့ဖူးကြုံဖူးကြမှာ မလွဲပါ။

တစ်အိမ်တည်းနေ၊ တစ်ရေတည်းသောက်ကြပြီး လူချင်းနီးနေပါလျက် အတွေးအခေါ် အယူအဆချင်းက မတူကြလေတော့ တစ်ဦးနှင့်တစ်ဦး စကားပြောမိကြပြန်လျှင်လည်း ကတောက်ကဆတ်ချည်းပါ။ လူချင်းက အနီးကပ် ရှိနေကြသော်ငြားလည်း စိတ်ထားချင်းကဝေး။ အတွေးအခေါ်ချင်းက မတူ၊ ပြုစုဆောင့်အောင့် ဘယ်လောက်များ စိတ်ဆင်းရဲကြရမလဲ။

သည် လိုပါပဲ၊ ချစ်သူနှစ်ဦးအကြား "**ချစ်တိုင်းလည်း မညား၊ ညားတိုင်းလည်း မချစ်**" ဆိုစကားကဲ့သို့ သိပ်သိပ်ချစ်ကြပါလျက် မနှစ်သက်စရာ ဝေးနေကြပြီး စိတ်ညစ်နေကြရ၊ မကျေမနပ် ဖြစ်နေကြရသူတွေကတော့ နီးမလိုလိုနှင့် ဝေးကြရရှာသူများ မဟုတ်ပါလား။

ထို့အတူ မချစ်မနှစ်သက်ပါဘဲလျက် အကြောင်းအမျိုးမျိုးအတွက် လက်တွဲကာ ခရီးဆက်နေကြရသူ စုံတွဲတွေခများလည်း တစ်ဝက်ကွဲနေတဲ့ အသည်းကို မျှဝေ ခံစားနေကြရသူတွေ ဖြစ်တဲ့ အတိုင်း လူချင်းနီးလျက်နှင့် စိတ်ချင်းက ဝေးနေကြရရှာသူများ ပါ။ တကယ်တော့လည်း နီးလျက်နဲ့ ဝေးသည် ဖြစ်စေ၊ ဝေးရာမှ နီးလာသည် ဖြစ်စေ အနီး၊ အဝေး ဆိုသည် က ကမ္ဘာ့နိယာမတရားပဲ မဟုတ်ပါလား။

အရာအားလုံးသည် ကံတရားအပေါ်မှာ သာ မူတည်နေတာကြောင့် နီးရန် ကံပါလာပါက လူချင်းက မည်မျှပင် ဝေးနေကြပါစေ။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် မထင်မှတ်ဘဲ အတူလက်တွဲရန် နီးလာကြရစမြဲပါ။ ထို့ အတူပင် ဝေးရန် ကံပါလာသူများ အနေနှင့်လည်း တစ်ဦးနှင့်တစ်ဦး မည်မျှပင် ချစ်ခင်ကြင်နာစွာ အနီးအနားမှာ နေထိုင်ကြစေကာမူ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ တော့ ဝေးကြရမည်မှာ အမှန်ပါ။

ဗုဒ္ဓမြတ်ဘုရား၏ တရားတော်များ အရ ဆိုပါကလည်း ရုပ်နှင့်နာမ် သာ ဖြစ်သော ဉာဏ်ခန္ဓာမှန်သမျှသည် မမြဲသောသဘာဝ "အနိစ္စ" သာ တည်း။ ထို့ကြောင့်သာပင်။ မိခင်ဝမ်းတွင်းမှ ကျွတ်လွတ်ကာ လူ့ပြည့်လူ့ရွာ ရောက်ရှိလာသည် မှ စပြီး "လူ" တစ်ယောက် ဖြစ်ခဲ့သည် နှင့်အမျှ လူ့ဘဝ၊ လူ့တန်ဖိုးကိုလည်း အသက်ကြီးလေ သိရှိလေဖြစ်ကာ ထိန်းသိမ်းနိုင်ကြပေမည်။

တစ်နည်းအားဖြင့်တော့ သံသရာမှ ကင်းလွတ်ရာ နိဗ္ဗာန်သို့ တက်လှမ်းနိုင်ရာ နိဗ္ဗာန်နှင့်နီးရာ၊ တရားဓမ္မများ စုဝေးရာ ဗုဒ္ဓသာသနာတော်အတွင်း ချင်းနင်း ရောက်ရှိလာရပေပြီ ဟူသော အသိ၊ သတိရှိပါမှ တန်ဖိုးရှိသောသူ ဖြစ်ပေမည်။ ထိုကဲ့သို့ အသိတရားမရှိ၊ မဆင်မခြင်၊ လောဘ၊ ဒေါသ၊ မောဟများ လွှမ်းမိုးကာ နေချင်သလိုနေကြပါက "**နိ**

**ဗွာန်**" နှင့် "**နီး**" ရာမှ "**ဝေး**" ရမည်အမှန်။

မည်သို့ဖြစ်စေ လူ့ပြည်လူ့ရွာသို့ နီးကပ် ရောက်ရှိလာသူ မှန်သမျှ သည် လည်း တစ်နေ့ကျ သေရမည့်ဘေး ပြေးမလွတ်သည့်အတွက် လူ့ပြ ည်နှင့်တကွ မိဘဆွေမျိုးများ နှင့် ဝေးရာသို့ ထွက်ခွာသွားရမည်မှာ ဓမ္မ တာပါ။

ဒါကြောင့် အသက်ရှင်နေစဉ် အချိန်လေးအတွင်း "**မေတ္တာ၊ ကရုဏာ ၊ မုဒိတာ၊ ဥပေက္ခာ**" ဟူသော ဗြဟ္မစိုရ်တရား လေးပါးဖြင့် အချင်းချင်း ချစ်ချစ်ခင်ခင် နေထိုင်သွားကြရမည့်အပြင် "**ရှက်ခြင်းနှင့် ကြောက်ခြင်း** " ဟူသော "**လောကပါလ တရားနှစ်ပါး**" ကို လက်ကိုင်ထားကာ လူ့ဘဝ မှ (မည်သူမျှ မသိနိုင်သေးသည့်) ဟိုးအဝေးသို့ ထွက်ခွာမသွားမီ ကျင့်ကြံ အားထုတ် နေထိုင်သွားကြရမည် ဖြစ်ကြောင်းကိုလည်း ဆရာတော်ဘု ရားကြီးများက ညွှန်ပြ ဆုံးမတော် မူထားပါကြောင်း...။

အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ

ကလေးတို့ ဆရာမ မေကျော့ရှင်း

******

(၁)

"တောက်.. အရေးကြီးပါတယ်ဆိုမှ ကွာ၊ ဒီကားကလည်း ဘယ်အချိန်မှ ထွက်မယ်မသိဘူး"

နံနက် မိုးမလင်းတလင်း ဝေလီဝေလင်းအချိန် ဖြစ်လင့်ကစား ခရီးသွားများကို စောင့်ကြိုနေဟန်တူသော ဘတ်စ်ကားပေါ်တွင် ထိုင်နေသူ လူကြီးတစ်ယောက်မှ ခပ်ညည်းညည်း ကလေး ပြောလိုက်ခြင်းပါ ။ သူ့ဘေးကို စောင်းငဲ့ ကြည့်လိုက်ပြန်တော့လည်း ဘောင်းဘီရှည် အပြာရင့်ရောင်၊ ရှပ်အင်္ကျီလက်ရှည်ကို တံတောင်ဆစ်အထိ ခေါက်တင်ထားပြီး ကက်ပ်ဦးထုပ်လေးကို ခပ်ငိုက်ငိုက် ဆောင်းထားသူ လူငယ်လေးက အိပ်နေသည် ထင့်။

သည် လိုနှင့် နေလုံးကြီးကလည်း ပြူးပြူးကြီး ထွက်ပေါ်စပြုလာပါပြီ ။ လူငယ်လေး၏ အသက်ရှူသံ ခပ်ပြင်းပြင်းက လူကြီးကို လှန့်နှိုးလိုက်သည့်အလား ဖြစ်သွားရာ -

"ဟော့.. ချာတိတ်၊ မင်းကကော သနပ်ပင်ကို သွားမလို့ လား"

ဘာမျှ ပြန်ဖြေသံ ထွက်မလာ။ သည် အခါ ထိုလူကြီးက စိတ်မရှည်ဟန်ဖြင့်-

"ဟော့ကောင်လေး.. အိပ်ပျော်နေတာလားကွ"

သည် လို ခပ်ကျယ်ကျယ်လေး မေးလိုက်တော့မှ လူငယ်လေးက ခေါ

င်းမော့ လာပြီး -

"ဗျာ.. ကျွန်.. ကျွန်တော့်ကို မေးတာလား"

"အေးလေကွာ.. ငါ့အနားမှာ မင်းပဲရှိတာ မင်းကိုမေးတာပေါ့"

"ဟုတ်.. ဟုတ်ကဲ့၊ သနပ်ပင်ကို သွားမလို့ ပါ"

"အေးကွာ.. ကားကလည်း အခုထိ မထွက်သေးဘူး"

လူကြီးက သူ့ကို ခရီးသွားဖော်အဖြစ် စကား လာပြောနေသည် ကို မနှစ်မြို့ဟန်ဖြင့် ဘာမှ ပြန်မပြောဘဲ နေလိုက်ပြန်ပါသည် ။ လူငယ်လေးကို သေချာစွာ လေ့လာ ကြည့်မည်ဆိုပါက အသက်ရှူသံ ခပ်ပြင်းပြင်းကို ကြားရမည့်အပြင် တုန်လှုပ်ချောက်ချားနေဟန်ကိုလည်း တွေ့သိနိုင်မည်အမှန်။

ဤသို့ဖြင့် မိုးစင်စင် လင်းလာပေပြီ။ "နေမြင့်လေ အရှုံးရင့်လေ" ဆိုစကားအတိုင်း လူငယ်လေး၏ အသက်ရှူသံမှာ လည်း ပို၍ ပို၍ မြန်လာပါသည် ။ တကယ်တော့ မိုးမလင်းမီအချိန်မှာ ဒီနေရာမှ ထွက်ခွာသွားချင်နေသည် မဟုတ်ပါလား။ သိပ်တော့ မကြာလိုက်ပါ။ ခရီးသည် အပြည့်တင်ထားသော ဘတ်စ်ကားကြီးသည် လည်း သနပ်ပင်ဆီသို့ ထွက်ခွာနေပါပြီ။

******

(၂)

"ဩော်... မင်းကလည်း ဒီမှာ ပဲ ဆင်းသကိုး။ ဒါနဲ့ ခုနက မေးတော့ သနပ်ပင်ကို သွားမယ်ဆိုကွ"

ကားပေါ်မှ ဆင်းကာ ဘယ်သွားရမည်ကို ဇဝေဇဝါဖြစ်နေသူ လူငယ်လေးအား အဆိုပါ လူကြီးက စတင်ပြောလိုက်ရာ လူငယ်လေးလည်း ဘာပြန်ပြောရမည်မသိဘဲ ခပ်ကြောင်ကြောင်လေးပင် ပြန်ကြည့်လိုက်မိလျက်သား ဖြစ်သွားပြန်ပါသည် ။

ထိုလူကြီးမှာ လည်း ပြည့်ဖောင်းနေသည့် ကျောပိုးအိတ်ကြီးကို နောက်ကျောမှ လွယ်ထားရုံမက လက်ထဲတွင် လည်း အိတ်တစ်လုံးကိုဆွဲလျက် သူ့ကို စောင်းငဲ့ကြည့်သွားသည် ကို သတိထားမိလိုက်ပါသည် ။ မုတ်ဆိတ်မွေး ထူလပျစ်နှင့် ထိုလူကြီးမှာ ဗမာစစ်စစ်တော့ မဖြစ်နိုင်ဟု လည်း သူက တွေးလိုက်မိပြန်ပါသည် ။ သူတွေးနေစဉ်မှာ ပင် လူကြီးက ခြေလှမ်းကျဲကြီးဖြင့် သူ့ကိုကျော်ကာ ထွက်ခွာသွားရာ-

"နေ.. နေပါဦး၊ ခဏလေးပါ"

လူကြီးလည်း နောက်ပြန်ကြည့်လိုက်ပြီး-

"ဘာ.. ဘာတုံးဟ ချာတိတ်ရ၊ အချိန်မရှိရတဲ့ အထဲကွာ"

လူငယ်လေးလည်း လူကြီးဆီသို့ အပြေးလေး သွားလိုက်ပြီး -

"ဟို.. ဟိုလေ ကျွန်.. ကျွန်တော် ဘယ်ကိုသွားရမယ်ဆိုတာ မသိလို့ "

သူ့စကားကြောင့် လူကြီးမှာ မျက်လုံးများ ပင် ပြူးကျယ်သွားကာ...

"အလို.. မင်းဟာကလည်း ကိုယ်သွားမယ့်လမ်းတောင် မသိဘူးတဲ့လားကွာ"

ပြောပြောဆိုဆိုဖြင့် သူ့ပခုံးထက်မှ ကျောပိုးအိတ်ကြီးကို မြေပေါ်သို့ ဝုန်းခနဲ ပစ်ချလိုက်ရင်း ပြောရာ-

"ဟုတ် .. ဟုတ်ကဲ့၊ ဒီ.. ဒီလမ်းကို ကျွန်တော် တစ်ခါမှ မရောက်ဖူး...
"

စကားမဆုံးမီမှာ ပင် လူကြီးက-

"အလိုလေး.. မြတ်စွာဘုရား.. နေစမ်းပါဦး၊ မင်းက ဘယ်ကို သွားမှာမို့လဲကွ"

လူငယ်လေးလည်း ခဏတွေဝေသွားပြီးမှ -

"ဟိုလေ.. ဟို.. လျှို.. လျှိုမြောင်ကြီးစခန်းကိုသွား.."

"ဘာ.. ဘာကွ.. မင်းက အဲဒီနေရာကို ဘာကိစ္စနဲ့ သွားမှာ လဲ။ ဒီနေရာက ဘယ်လိုနေရာလဲ ဆိုတာကော မင်းသိရဲ့ လား။ သိတဲ့ လူကော ရှိလို့ လား။ မင်းကကော ဘယ်သူလဲ"

လူငယ်လေး စကားမဆုံးမီမှာ ပင် ထိုလူကြီးက မေးခွန်းပေါင်းများစွာကို အဆက်မပြတ် မေးလိုက်ခြင်း ဖြစ်ပါသည် ။

"အဲဒီနေရာကို ဘယ်လိုသွားရမှန်း သေချာမသိတာကလွဲပြီး ကျန်တာတွေ ကျွန်တော် သိပါတယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ အဲဒီ

မှာ ကျွန်တော့်အစ်ကို ရှိတယ်။ သူနဲ့ အတူလက်တွဲပြီး အလုပ်လုပ်ချင်လို့ အခုလို အိမ်က ထွက်လာတာပါ"

တည်တည်ငြိမ်ငြိမ်လေး ပြောလိုက်သော လူငယ်လေး၏ စကား ကြောင့် လူကြီးလည်း သဘောကျသွားဟန်ဖြင့် အားရပါးရ ရယ်ကာ -

"ဟား.. ဟား.. ဟား.. ကြိုက်ပြီဟေ့ ကြိုက်ပြီ။ ငါ့ညီက သတ္တိခဲပါ လားကွ"

သူ၏ ပခုံးကိုပုတ်ကာ ပြောလိုက်သော လူကြီးကိုလည်း သူက သေချာစွာ ကြည့်လိုက်မိလျက်သား ဖြစ်သွားပြန်ပါသည် ။

"ဒါထက် မင်းနာမည်က ဘယ်သူလဲ"

"ဟင်.. ကျွန်.. ကျွန်တော့်နာမည်လား"

"အေးလေကွာ.. မင်းနာမည်ကို မေးနေတာ"

"သြော်.. အင်း.. ကျွန်တော့်နာမည် .. ကျွန်တော့်နာမည်က ညီ ဟုတ် ကဲ့ ညီညီပါ"

"မင်းအစ်ကိုကကော ဘယ်သူလဲ"

"ကိုမြတ်သူ"

"သြော်.. ဗိုလ်မြတ်သူရဲ့ ညီကိုး"

လူကြီးက သူ့ဘာသာသူ ပြောလိုက်ပြီး -

"ကဲ.. လာ ဘာမှ မပူနဲ့ တော့၊ ငါလည်း အဲဒီကိုပဲ သွားမှာ ။ ငါနဲ့ သာ လိုက်ခဲ့"

လူငယ်လေးသည် လည်း ဝမ်းသာလိုက်သည့် ဖြစ်ခြင်းပါ။

"ဝယ်စရာတွေရှိလို့ ရပ်ဖျက်ပြီးထွက်လာတာ ငါးရက်တောင် ကြာသွားပြီ။ ကဲ.. လာ.. လာ အချိန်မရှိဘူး ခပ်သုတ်သုတ်တော့ သွားရမယ်ကွ"

လူကြီးက ပြောပြောဆိုဆိုဖြင့် ရှေ့မှ ခြေလှမ်းကျဲကြီးများ ဖြင့် ထွက်သွားရာ လူငယ်လေးလည်း အပြေးအလွှား လိုက်သွားရပါတော့သည် ။

******

တောလမ်းလေးမှာ ကြာလေ လူပြတ်လေ။ ဟိုကွေ့သည် ကောက်ဖြင့် သွားနေကြရာမှ နောက်ဆုံးတွင် သူတို့ နှစ်ယောက်သာ ခရီးသွားအဖြစ် ကျန်ရှိနေတော့သည် ။ ရှေ့မှ လူကြီးကလည်း ခြေလှမ်းသွက်သွက်ကြီးသာ လျှောက်နေပြီ။ နောက်လူကို တစ်ချက်ကလေးမျှပင် လှည့်မကြည့်။ လူငယ်လေးခမျာလည်း ငှားစီးလာရသည့် သူငယ်ချင်း၏ ကင်းဘတ်စ်ဖိနပ်က အစွမ်းပြနေချေပြီမို့ မျက်ရည်စို့လာသည် အထိ ခြေထောက်များ နာလာသည် ကို အံကြိတ်ခံစားနေရပါပြီ။ ဤသို့ဖြင့် တစ်နာရီနီးပါး ခရီးသွားမိသောအခါ လူငယ်လေးခမျာ မတတ်သာတော့ဘဲ လမ်းဘေးမြက်ခင်းပေါ်သို့ ဗုန်းခနဲ လဲကျသွားပါတော့သည် ။ တစ်ချိန်တည်းမှာ ပင် လူကြီးကလည်း လှည့်အကြည့်နှင့် ဆုံသွားရာ-

"ဟော့.. ဟော့.. ချာတိတ် ဘာဖြစ်တာလဲ"

ပြောပြောဆိုဆိုဖြင့် နောက်သို့ ပြန်လှည့်လာပါသည် ။

"အား... ကျွတ်.. ကျွတ်.. ကျွတ်.. ဖိနပ်.. ဖိနပ်ပေါက်လို့ "

"အမယ်လေး.. ငါ့လူရယ် ဖိနပ်လေးပေါက်တာများ သေနတ်မှန်တာ

ကျနေတာပဲ။ ဒါနဲ့ မျှား တို့ နဲ့ အတူလက်တွဲပြီး အလုပ်လုပ်မယ်တဲ့ ဟား ဟားဟား"

"ကိုင်း.. ပြစမ်း မင်းခြေထောက်၊ ငါ့မှာ ဆေးပါတယ်"

ခြေထောက်နာကို ပြလိုက်သည် နှင့် လူကြီးက သူ့ဖိနပ်ကို ဆွဲချွတ်လိုက်ပြီး ဆေးထည့်ပေးပါတော့သည် ။

"အား.. နာတယ်ဗျ နာတယ်"

"ကဲ.. လာ ဖြည်းဖြည်းလျှောက်၊ ခဏနေ ပျောက်သွားလိမ့်မယ်၊ ဆေးက သိပ်စွမ်းတာ"

လူကြီးက သူ့ကို ဆွဲထူပေးပြီး ရှေ့မှ ထွက်သွားလေရာ လူငယ်လေး ခမျာလည်း အားတင်းကာ ထော့နင်းထော့နင်းဖြင့် လိုက်သွားရပါတော့ သည် ။ သိပ်တော့ မကြာလိုက်ပါ။ ညို့မှိုင်းအုံ့ဆိုင်းနေသော တောတန်း ကြီးတစ်ခုကို လှမ်းမြင်လိုက်သည် နှင့် လူကြီးက သူ့ကို လှည့်ကြည့် လိုက်ပြီး -

"ရောက်တော့မယ်ဟေ့ ချာတိတ်ရေ.. ဟိုရှေ့မှာ တွေ့လား၊ ဒီက လှမ်းမြင်နေရတဲ့ ရွာကြီးပဲကွ"

ရွာနှင့် နီးသည် ထက် နီး လာပြီမို့ ခြေလှမ်းတို့ ကလည်း အလိုလို သွက်လာပါတော့သည် ။ ခြေထောက်နာနေသည် ကလည်း ဘယ်ဆီသို့ ရောက်သွားပြီမသိ။ ရှေ့မှ လူကြီးအနီးသို့ပင် အလိုလို ယှဉ်မိလျက်သား ဖြစ်သွားပါတော့သည် ။

"အောင်မယ်.. ဒီလိုတော့လည်း ကိုယ့်လူက ခြေလှမ်းသွက်သားပဲ။ တို့ နဲ့ နေမယ် ဆိုရင်တော့ ဒီလို ခြေလှမ်းသွက်မှ နော်"

"ဒါထက် မင်းအစ်ကိုကကော မင်းလာမယ်ဆိုတာ သိလား"

"ဟင့်အင်း.. မသိဘူး"

သူက ရွာကြီးကိုလှမ်းကြည့်ကာ ပြောလိုက်ရာ လူကြီးက ဘာမျှ ပြန်မပြောတော့ဘဲ ခြေလှမ်းကျဲကြီးများ ဖြင့်သာ ရွာထဲ ဝင်သွားပါတော့သည် ။ ရွာထဲမှ လူအချို့ကလည်း လူကြီးကို လှမ်းနှုတ်ဆက်ကြသလို သူ့ကိုလည်း လူထူးလူဆန်းကဲ့သို့ စူးစူးစမ်းစမ်း ကြည့်ကြသည် မို့ လူကြီးအနီးသို့ ချဉ်းကပ် လိုက်ပါသွားမိပါသည် ။ လူစုစုကို တွေ့တိုင်းလည်း ကိုမြတ်သူကို ရှာမိသည် ။ လူတစ်ယောက် ရိပ်ခနဲ ဖြတ်သွားသည် ကို တွေ့ပါကလည်း ကိုမြတ်သူများ ဖြစ်လေမလားဟူ၍ မကြာခဏ ဘေးလှည့် နောက်ပြန် ကြည့်မိသည် က အမောပါ။ နောက်ဆုံးတော့ လူကြီးအနားသို့ ကပ်သွားပြီး လေသံလေးဖြင့် -

"အစ်ကိုမြတ်သူက ဘယ်မှာ နေတာလဲဟင်"

"သူက အခုဆိုရင် ဟိုရှေ့နားက အိမ်ကြီးမှာ ရှိမယ်။ အဲဒါ တို့ ရဲ့ ရုံးကြီးပဲလေ။ လာ အဲဒီကို သွားရမှာ "

လူကြီးက အိမ်ကြီးရှိရာသို့ ခေါ်သွားပါတော့သည် ။ အိမ်ကြီးရှေ့မှာတော့ လူနှစ်ယောက်က သေနတ်ကိုယ်စီဖြင့် ရပ်နေကြပါသည် ။ အိမ်ကြီးအနီးသို့ ရောက်သည် နှင့် လူကြီးက သူ့အား ခဏစောင့်နေရန် ပြောပြီး သေနတ်ကိုင်နှစ်ယောက်နှင့် တီးတိုး ပြောနေသည် ကို တွေ့ရပါသည် ။ သိပ်တော့ မကြာလိုက်ပါ။ လူကြီးက သူ့ကို လှမ်းခေါ်လိုက်သည် နှင့် သူတို့ အနီး ရောက်သွားသည် တွင် -

"တော်တော် သတ္တိကောင်းတဲ့ ချာတိတ်ပဲဟေ့၊ ကြည့်တော့သာ မိန်းမလျှာလိုလို ဘာလိုလိုနဲ့ အလာကြီးကွနော်"

ရဲဘော်တစ်ယောက်က ပြောလိုက်သလို အခြားတစ်ယောက်က-

"ဟော့.. ချာတိတ်၊ မင်းကလည်း ကွာ ခေါင်းက ဦးထုပ်ကြီး ချွတ်လိုက်ပါလား။ ပူလိုက်အိုက်လိုက်တာ"

ပြောပြောဆိုဆို သူ့ခေါင်းမှ ကက်ပ်ဦးထုပ်လေးကို ဆွဲချွတ်မည်ဟန် ပြင်လိုက်ရာ သူက နောက်ဆုတ်လိုက်ပြီး-

"မချွတ်ပါဘူး၊ ရပါတယ်။ ကျွန်တော်မှ မအိုက်တာ"

"ဟဲ.. ဟဲ.. ဘာလဲ မင်းတို့ မြို့သားတွေရဲ့ ဘိုကေစတိုင်လ်ကို တို့တောသားတွေမြင်ပြီး အတုခိုးမှာ စိုးလို့ လားကွ"

"ကဲပါကွာ.. သူမချွတ်ချင်လည်း နေပါစေ။ ဒါထက် မင်းနာမည်က ဘယ်သူလဲ"

"ညီညီ"

"သြော်.. ညီညီတဲ့ လား။ ခေါ်လို့ တော့ အကောင်းသားဟော့။ အင်းလေ.. မင်းက တို့ နဲ့ အတူလက်တွဲဖို့ လာတာနော်"

"ဟုတ်"

သူက ဖြေလိုက်စဉ်မှာ ပင် စောစောက လူကြီးက အိမ်တွင်းမှ ထွက်လာပြီး -

"ကဲ.. ညီညီရေ၊ မင်းအစ်ကို ဗိုလ်မြတ်သူကတော့ မနက်အစောကြီး ကတည်းက ကိစ္စတစ်ခုနဲ့ ထွက်သွားတယ်တဲ့ "

"ဟင်.. ဒါ.. ဒါဖြင့် ဘယ်တော့ ပြန်လာမှာ တဲ့ လဲဟင်။ လိုက်သွားလို့ ကော မရဘူးလား"

"လိုက်သွားလို့ တော့ မရဘူးကွ။ အေး.. ဒါပေမဲ့ ဒီညနေလောက် ပြန်လာလိမ့်မယ်တဲ့ ။ ဒီမှာ ပဲ စောင့်ပါပေါ့ကွာ"

လူကြီးစကားဆုံးသွားသည် နှင့် ရဲဘော်တစ်ယောက်က ဝင်ပြောလာပြန်ပါသည် ။

"ဘာမှ စိုးရိမ်စရာ မရှိပါဘူးကွာ။ တကယ်လို့ မင်းအစ်ကို ဒီနေ့ ပြန်မရောက်လည်း တို့ နဲ့ ပဲ နေပေ့ါကွာ။ မင်းတစ်ယောက် အိပ်ဖို့ ကတော့ နေရာရှိပါတယ်"

"ဘုရား.. ဘုရား"

လူငယ်လေးမျက်နှာ ရုတ်တရက် ကွက်ခနဲ ပျက်သွားသည် ကို အကဲခတ်မိဟန်ဖြင့် အကြီးဖြစ်ဟန်တူသော ရဲဘော်တစ်ယောက်က-

"ကျုပ်တော့ သူ့ကို မသင်္ကာဘူး။ ဗိုလ်မြတ်သူရဲ့ ညီ ဟုတ်ချင်မှ ဟုတ်မှာ ။ ကျုပ်တို့ ဆီမှာ စပိုင်လာလုပ်တာ ဖြစ်ချင်ဖြစ်မှာ ။ ကဲ.. သူ့ကိုယ်မှ ရှာရမယ်၊ လာစမ်း"

ထိုရဲဘော်က ပြောပြောဆိုဆိုဖြင့် ရှေ့သို့ တိုးကပ်လာရာ လူငယ်လေးမှာ လည်း မျက်လုံးလေး အဝိုင်းသားဖြင့် လွယ်အိတ်လေးကို သူ့ရင်ဘတ်မှာ ဖိကပ်ကာ နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်မိလျက်သား ဖြစ်သွားပါသည် ။

" မဟုတ်ဘူး ၊ မဟုတ်ဘူး ။ ကျွန်တော့်အစ်ကိုကို မေးကြည့်ပါ"

ကြောက်လန့်တကြားဖြင့် ပြောလိုက်သော လူငယ်လေးစကားကြောင့် ထိုရဲဘော်ကြီးလည်း ရှေ့ဆက်တိုးမသွားတော့ဘဲ စီးကရက်တစ်လိပ်ကို ဖွာရှိုက်လိုက်ပြီး လူငယ်လေးကို စူးစူးစိုက်စိုက် ကြည့်လိုက်ပြန်ပါသည် ။ လူငယ်လေးမှာ လည်း အသားများ ပင် တဆတ်ဆတ် တုန် လာပြီး မျက်ရည်များ လည်း စီးကျနေပြီ ဖြစ်ပါသည် ။ ထိုစဉ်မှာ ပင် မျက်ထောင့်နီနီနှင့် လူကြီးတစ်ယောက် လူငယ်လေးရှေ့သို့ ရောက် လာ

ပြီး လူငယ်လေး၏ တစ်ကိုယ်လုံးကို စူးစမ်းသလို ကြည့်လိုက်ပြီး -

"ဟေ့.. ဒီမှာ မှန်မှန်ပြောနော်။ မင်း မိန်းမလား၊ ယောက်ျားလား၊ မ လိမ်နဲ့ နော်။ မင်းကို ဘယ်သူလွှတ်လိုက်တာလဲ ပြောစမ်း"

ဘာပြန်ပြောရပ့ါ။ လူငယ်လေးခမျာ အကြံရ ခက်လိုက်ပါဘိ။ အစ်ကိုမြတ်သူ ရှိပါက အကြောင်းမဟုတ်။ အခုတော့ သူ့အစ်ကိုက လည်း ခရီးထွက်သွားတော့...။

"ငါ ဘာလုပ်ရပ့ါ၊ ခက်လိုက်တာနော်"

လူငယ်လေးက စိတ်တွင်းမှ ပြောလိုက်မိသော်လည်း မျက်လုံးလေး များက ပြူးဝိုင်းလို့ နေပါပြီ။ လူကြီးကလည်း သူ့တစ်ကိုယ်လုံးကို သေချာကြည့်နေပြန်သည် ။ အင်္ကျီများကိုပင် ဆွဲချွတ်တော့မည့်ဟန်ဖြင့် -

"ဟေ့.. မေးနေတာ မကြားဘူးလား။ မင်းကို ဘယ်သူလွှတ်လိုက်တာ လဲ မှန်မှန်ပြော"

လူငယ်လေးလည်း ဘာပြောရမည်ကိုပင် မသိအောင်ဖြစ်နေကာ မျက်လုံးလေး အဝိုင်းသားနှင့်ပါ။

"ဟေ့.. မေးနေတယ်လေကွာ၊ ညာမယ်တော့ မကြံနဲ့ နော်။ တို့ က မင်းထက်လျှင်လို့ ဒီတောထဲမှာ လာပြီး အလုပ်လုပ်နေကြတာ။ ကဲကွာ.. ကြာပါတယ်၊ ကောင်းကောင်း မေးနေတာ ကောင်းကောင်း ဖြေနော်။ မင်းကို ဘယ်သူက ခိုင်းလိုက်တာလဲ"

လူငယ်လေးမှာ လည်း မျက်ရည်များ သာ တသွင်သွင် စီးကျ လျက်နှင့် မျက်စိစုံမှိ တ်ပြီး သူတို့ ကြားမှ တိုးကာ ပြေးထွက်သွားပါ တော့သည် ။ ရုတ်တရက် မထင်မှတ်ထားသည် မို့ သူတို့ လည်း ကြောင်

ကာ ကြည့်နေလိုက်မိပြီးမှ လူကြီးဖြစ်သူက သတိဝင်လာဟန်ဖြင့် -

"ဟေ့ကောင်တွေ.. လိုက်ကြလေ၊ ဘာလုပ်နေကြတာလဲ။ သူ့ကို မလွတ်စေနဲ့ ၊ ဖမ်းပြီးခေါ်ခဲ့"

ထိုအခါမှ ရဲဘော်နှစ်ယောက်လည်း အသက်ဝင်လာဟန်ဖြင့် လူငယ်လေး ပြေးသွားရာနောက်သို့ ဦးတည်ကာ ပြေးလိုက်သွားကြပါတော့သည် ။ လူငယ်လေးသည် လည်း နောက်သို့လှည့်၍ ပင် မကြည့်နိုင်အားဘဲ အံကိုခဲကာ သူတို့ ဝင်လာရာ ရွာလမ်းမကြီးအတိုင်း ဒုန်းစိုင်းပြေးလျက်...။

***

ပြေးသူနှင့် လိုက်သူ အားချင်းက မတူလေတော့ ပြေးသူခမျာ သိပ်မကြာခင်မှာ ပဲ ဘုံးခနဲ လဲကျသွားရာ လိုက်သူများက ဝမ်းသာအားရ ဖမ်းဆီးလိုက်ပါတော့သည် ။ ထိုအခိုက်မှာ ပင် ရွာထဲသို့ ဒုန်းစိုင်းဝင်လာသော မြင်းပေါ်မှ လူက -

"ဟေ့.. ဟေ့.. ဒါက ဘာတွေ ဘယ်လို ဖြစ်နေကြတာလဲ"

ပြောပြောဆိုဆိုဖြင့် မြင်းပေါ်မှ ဆင်းလာသည် ။ ရဲဘော်လေးများက လူငယ်လေးကိုမလွှတ်ဘဲ တရိုတသေ အလေးပြုလိုက်ကြပြီး -

"စပိုင် ဗိုလ်ကြီး၊ ဒီစပိုင် ထွက်ပြေးလို့ လိုက်ဖမ်းတာပါ"

"ဒီအသံ ကြားဖူးပါတယ်"

လူငယ်လေးက ခေါင်းငုံ့နေရင်း သတိထားလိုက်မိခြင်းပါ။ ဗိုလ်မြတ်

သူလည်း လူငယ်လေးအနီးသို့ ချဉ်းကပ်သွားပြီး -

"ဟုတ်လား ချာတိတ်၊ မင်းက တို့ အဖွဲ့ကို ထောက်လှမ်းရေး လာလုပ်တာလား"

ထိုအခါမှ လူငယ်လေးလည်း ဗိုလ်မြတ်သူကို မော့ကြည့်လိုက်မိပြီး-

"ကိုကို"

ပါးစပ်မှ အော်ခေါ်ပြီး ပြေးဖက်ကာ အားရပါးရ ငိုချလိုက်ရာ...

"ဟင်.. မျိုး ဘယ်လိုဖြစ်လာရတာလဲ မျိုးရယ်"

ရဲဘော်များကိုလည်း -

"ဒါ ကျုပ်ညီမလေးပါ။ မင်းတို့ ပြန်တော့ ရုံးကို ငါခေါ်လာမယ်"

သူက ပြောပြောဆိုဆို ငိုနေသူ လူငယ်လေး တစ်ဖြစ်လဲ "မျိုး"ကို မြင်းပေါ်သို့ မချီကာ တင်လိုက်ပါတော့သည် ။

******

(၃)

နံနက်ချိန်ခါ နေခြည်ဖြာ၍ သာသာယာယာ ရှိနေသော်လည်း လှိုမြောင်ကြီးရွာလေးရှိ မုဆိုးမကြီး ဒေါ်ပု၏ အိမ်လေးမှာ မူ လွမ်းစရာ အတိနှင့် ပြည့်နေပါတော့သည် ။ လွယ်အိတ်လေးကို ဘေးတွင် ချကာ မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ပြီး တရှိုက်မက်မက် ငိုကြွေးလျက် ရှိနေသူကတော့ ခင်မျိုးချစ် (ခေါ်) မျိုးပါ။ သူမဘေးနားတွင် ထိုင်လျက် အားပေးစကား ပြောကြားနေသူကတော့ အသက်ငါးဆယ်အရွယ် မုဆိုးမကြီး ဒေါ်ပု။

"ဒီလောက်လည်း ဝမ်းနည်းမနေပါနဲ့ ကလေးမရယ်၊ မောင်မြတ်သူခများလည်း မတတ်သာလို့ အခုလို စီစဉ်ရတာဖြစ်မှာ ပါ။ သူတို့ အတွက် ဒီအချိန်က သိပ်အရေးကြီးနေတာလေ။ နောက်ပြီး ကလေးမအပေါ်လည်း မေတ္တာကြီးရှာပါတယ်။ ကြည့်လေ၊ ကလေးမ ရောက်တဲ့ နေ့ကစပြီး အဒေါ့်အိမ်မှာ လာအပ်ထားတယ်။ သူ့ညီမအရင်းလေး တစ်ယောက်လိုပဲ စောင့်ရှောက်ထားတာ မဟုတ်လား။ တကယ်တော့ ကလေးမက သူ့လက်ခုပ်ထဲကရေ ဖြစ်နေပြီပဲ။ သူ့ရဲ့ သစ္စာရှိပုံနဲ့ သူ့ရဲ့ မေတ္တာကြီးမားပုံကိုတော့ ကလေးမ နားလည်သင့်ပါတယ်"

"မျိုးလည်း ဒါတွေအားလုံးကို သိပါတယ် ဒေါ်ဒေါ်ရယ်၊ ဒါပေမဲ့ ဟင့်. . ဟင့်..."

"ဟော.. ပြောရင်းဆိုရင်း မောင်မြတ်သူ ရောက်လာမှ ကိုး"

ကာကီရောင် စစ်ဝတ်စုံဖြင့် မျက်နှာမကောင်းစွာ ရောက်လာသူ ကိုမြတ်သူလည်း မျိုးဘေးတွင် ဝင်ထိုင်လိုက်ရာ ဒေါ်ပုကလည်း အလိုက်သိစွာပင် မီးဖိုတွင်းသို့ ဝင်ရောက်သွားပါတော့သည် ။

"မျိုး"

သူမ၏ ဆံနွယ်လေးများကို သပ်ပေးရင်း ခေါ်လိုက်သော်လည်း မျိုးကတော့ တရှိုက်မက်မက် ငိုကြွေးလျက်ပင်။

"မျိုး.. ကိုကို ခေါ်နေတာများ ထူးပါဦး မျိုးရယ်" ဟု ပြောကာ မျိုး၏ ပါးပြင်နုနုလေးကို ခပ်ဖွဖွလေး မွှေးလိုက်ပါသည် ။

"မျိုး"

"ကိုကို"

ရှိုက်ရင်း ထူးလိုက်သည် ။ ထိုအခါမှ သူက ရီဝေသော မျက်လုံးများဖြင့် မျိုးကို စိုက်ကြည့်လိုက်ပြီး -

"မျိုးကို ကိုကို ဘယ်လောက်ချစ်တယ်၊ ဘယ်လောက် မြတ်နိုးကြင်နာတယ်ဆိုတာ မျိုးအသိဆုံးပါ။ အခုကလည်း ကိုကိုတို့ ရဲ့ ယုံကြည်ချက်နဲ့ လှုပ်ရှားနေရတဲ့ အရေးကြီးတဲ့ အချိန် ဖြစ်နေတာကြောင့်ပါ။ ပြီးတော့ မျိုး ဒုက္ခရောက်မှာ ကိုလည်း ကိုကို မလိုလားဘူး။ ကိုကိုကလည်း ခရီးတွေ ခဏခဏ ထွက်နေရတာ မျိုး အမြင်ပဲလေ။ မျိုး ဒီကိုရောက်တာ သုံးရက်ရှိပြီ။ ကိုကို တစ်ရက်မှ မနားရဘဲ နေ့တိုင်းလည်း ခရီးထွက်နေရတာလေ"

ကိုမြတ်သူက ပြောပြောဆိုဆိုပင် မျိုး ပါးပြင်မှ စီးကျလာသော မျက်ရည်များကို တယုတယ သုတ်ပေးလိုက်ပါသည် ။ မျိုးကမူ ဘာမျှ ပြန်မ

ပြောနိုင်ဘဲ အံ့ကိုသာ ခပ်တင်းတင်းလေး ကြိတ်ထားလိုက်ပါ၏။

"ဒါကြောင့် အခု ကိုကို စီစဉ်ပေးသလို မျိုး မေမေတို့ ဆီကိုပဲ ပြန်နေလိုက်ပါဦးနော်။ မျိုး ဒီကိုရောက်တဲ့ နေ့ကပဲ ကိုကို့ရဲ့ သူငယ်ချင်းကတစ်ဆင့် မျိုးအိမ်ကို မျိုးရဲ့ သူငယ်ချင်းအနေနဲ့ စာရေးလိုက်တယ်၊ ဘုရားဖူးသွားနေတာမို့ ဘာမှ စိတ်မပူဖို့ နဲ့ မကြာခင် အိမ်ပြန်လာမယ့်အကြောင်းပေ့ါ။ အခုလည်း မျိုးအိမ်ကို မျိုး ပြန်ရောက်တဲ့ အထိ ဒေါ်ပု လိုက်ပို့ပေးလိမ့်မယ်။ မျိုးသူငယ်ချင်း ဒေါ်ပုရဲ့ သမီးနဲ့ ဘုရားဖူး လိုက်သွားတယ်လို့ပဲပြော။ ဒေါ်ပုကလည်း ကူပြီး ပြောပေးလိမ့်မယ်"

မျိုးကတော့ အင်းမလုပ် အဲမလုပ်။

"ကိုကိုပြောတာ နားလည်ပါတယ်နော် မျိုး"

ခေါင်းညိတ်ပြလိုက်သူ မျိုး၏ ပခုံးလေးကို အသာဖက်လိုက်ပြီး ကိုမြတ်သူကပင် -

"ဒါဟာ မျိုးအတွက် ဘေးအကင်းဆုံးနဲ့ အကောင်းဆုံးပါ မျိုးရယ်။ ကိုကို့စေတနာကိုလည်း မျိုး သိပါတယ်နော်။ ကဲ.. တိတ်ပါတော့ အချစ်ကလေးရယ်.. တိတ်ပါတော့၊ မျိုး ဒီလိုငိုနေတာ ကိုကို ရင်နာလွန်းလို့ ပါ။ ခဏနေရင် ကားဂိတ် သွားရတော့မယ်။ ဒေါ်ပုရေ..."

" လာပြီ မောင်မြတ်သူ"

ကိုမြတ်သူလည်း ပျာပျာသလဲထွက်လာသူ ဒေါ်ပုကို လှမ်းကြည့်လိုက်ပြီး -

"ဒေါ်ပု အဆင်သင့်ဖြစ်ပြီလား။ ကျွန်တော်က ရွာထိပ်အထိပဲ ပို့ပေးလို့ ရမှာ နော်။ ရွာထိပ်မှာ အဆင်သင့်စောင့်နေတဲ့ ဆိုက်ကားက ဒေါ်ပုတို့ ကို ကားဂိတ်အထိ လိုက်ပို့ပေးလိမ့်မယ်။ မျိုးကို သေသေချာချာ

စောင့်ရှောက်သွားပါနော်။ သူ့အမေကိုလည်း ကျွန်တော် မှာ ထားသလို သေသေချာချာ ရှင်းပြပါ။ ကျွန်တော် စိတ်ချပါရစေ။ ကဲ.. မျိုးကလည်း တိတ်ပါတော့ကွယ် အခြေအနေတွေ အေးဆေးသွားတဲ့ အခါ ကိုကို မျိုးရှိတဲ့ နေရာကို အပြေး လာပြီး လက်ထပ်ပါ့မယ်လို့ ကတိပေးထားပြီး ပြီပဲကွယ်။ ကဲ ကဲ.. မြင်းပေါ်တက်၊ ဒေါ်ပုက ဟိုမှာ လာနေတဲ့ ကိုရဲမောင်ရဲ့ စက်ဘီးနဲ့ လိုက်လာနော်"

ပြောပြောဆိုဆိုနှင့်ပင် ကိုမြတ်သူက မျိုး၏ ကိုယ်လေးကိုပွေ့ကာ မြင်းပေါ်သို့ တင်ပေးလိုက်ပါတော့သည် ။

**သြော်.. နီးမလိုလိုနဲ့ ဝေးရပြန်တော့မှာ ပါလား ကိုကိုရေ...။**

******